

# "ထင်ကျန်နေဆဲ"

## မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်ဒေသများအတွင်း အတိတ်ကဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အသိအမှတ်ပြုပေးစေလိုမှုနှင့် တရားမျှတမှုပြန်လည်ရှာဖွေပေးစေလိုမှု

### အစီရင်ခံစာအကျဉ်းချုပ်


မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ
စီစဉ်ထုတ်ဝေသည်။


> "အတိတ်မှာ ပိတ်မိနေတဲ့သူတွေ
> အတိတ်ရဲ့ချည်နှောင်မှုကနေ
> ရုန်းမထွက်နိုင်တဲ့သူတွေဟာ
> ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်
> မှာ အခက်အခဲတွေ အဟန့်အတားတွေ
> အများကြီးဖြစ်စေလိမ့်မယ်"
>
> ဒေါ်အောင်ဆန်းစုကြည်
>
> ၂၀၁၇ ဩဂုတ်

၂၀၁၀ ခုနှစ်မှစတင်ပြီး စစ်အစိုးရမှ အရပ်သား အစိုးရသို့ကူးပြောင်းလာပြီးနောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးသည် နိုင်ငံရေးသမားများအကြား ရေပန်းစားလာသောအယူအဆတစ်ခု ဖြစ်လာသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၁၅ သမိုင်းဝင်အောင်ပွဲသည် မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီစနစ်ကို တည်ဆောက်ရန်နှင့် တကွဲတပြားစီ ဖြစ်နေသော လူ့အဖွဲ့အစည်း များကို ပေါင်းစည်းရန် အတွက် မျှော်လင့်ချက်သစ်တစ်ခုကို မွေးဖွားစေခဲ့သည်။

သို့သော် မြေပြင်အခြေအနေများကို လေ့လာကြည့်မည်ဆိုပါက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမှန်တကယ်လုပ်ဆောင်နေခြင်း ရှိမရှိနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာများ ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။


HURFOM A REPORT BY
THE HUMAN RIGHTS FOUNDATION OF MONLAND
DECEMBER 2017

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားဆဲဖြစ်သည့်အပြင် ရခိုင်နှင့် ကချင်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်များတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများက မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းပြီး နောက်ပိုင်းတွင်လည်း သိသာသောတိုးတက်ပြောင်းလဲမှု မရှိသည်ကို ထောက်ပြလျက်ရှိသည်။

အတိတ်ကာလက ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို အသိအမှတ်ပြုခြင်းမရှိသကဲ့သို့ အဆိုပါချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက်လည်း လက်ရှိအုပ်ချုပ်သူများက စိတ်မဝင်စားကြချေ။ ၎င်းပြင် အတိတ်ကာလ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် နစ်နာခဲ့ရသူများကို ၎င်းတို့၏ ခါးသီးသောအတိတ်ကို မေ့မပစ်နိုင်ခြင်းအတွက် "အတိတ်တွင် ပိတ်မိနေသူများ"၊ “အငြိုးအတေးကြီးသူများ" “ခွင့်လွှတ်သည်းခံခြင်းမရှိသူများ" အဖြစ် တံဆိပ်ကပ်ကာ ပြစ်တင်မှုပြုလုပ်လာသည်ကိုလည်း တွေ့ရသည်။

မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံတောင်ပိုင်း မွန်ဒေသများရှိ ရွာသူရွာသားများအနေဖြင့် ၎င်းတို့၏ အတိတ်ဆိုးကို မေ့မပစ်နိုင်သည်သာမက ၎င်းတို့အပေါ်ကျူးလွန်ခဲ့သော ဆယ်စုနှစ်ချီသော ချိုးဖောက်မှုများအတွက် တရားမျှတမှု တစ်စုံတရာ ရှာဖွေပေးရန်အတွက်လည်း ဆန္ဒရှိနေကြောင်း ဤအစီရင်ခံစာပါ သက်သေထွက်ဆိုချက်များက ဖော်ပြလျက်ရှိသည်။

၁၉၉၅ ခုနှစ်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တချို့နှင့် တပ်မတော်တို့က စနစ်တကျနှင့် မြောက်မြားစွာ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်သက်ဆိုင်သော သက်သေအထောက်အထားများကို ဖော်ပြရုံသာမက အဆိုပါချိုးဖောက်မှုများကို ခံစားခဲ့ရသော ဒေသခံပြည်သူများ၏ ဆန္ဒအသံများနှင့် တရားမျှတမှုကို ရှာဖွေလိုသော ၎င်းတို့၏အာသီသကိုလည်း ဤအစီရင်ခံစာက ဖော်ပြလိုသည်။

ထိုသို့ဖော်ပြခြင်းဖြင့် အတိတ်ကာလ အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းခြင်း မပြုဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်ဆောင်လိုသော လက်ရှိအစိုးရ၏ မူဝါဒကို မေးခွန်းထုတ်လိုသည့်အပြင် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုဖြစ်စဉ်များမှ ပြန်လည်ကုစားခြင်းဖြစ်စဉ်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မရှိမဖြစ်အစိတ်အပိုင်း ဖြစ်ကြောင်းကိုလည်း ထောက်ပြလိုသည်။

ဤအစီရင်ခံစာတွင် အပိုင်း (၇) ပိုင်း ပါဝင်ပါသည်။

အပိုင်း (၁) – နိဒါန်း၊ အပိုင်း (၂) – အစီရင်ခံစာပြုစုပုံနည်းနာ၊ အပိုင်း (၃) – အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုကို ခြုံငုံဖော်ပြခြင်း၊ အပိုင်း (၄) – ချိုးဖောက်မှု ပုံစံအမျိုးအစားများ၊ အပိုင်း (၅) – တရားမျှတမှုကို တောင်းဆိုသော ဒေသခံ

ပြည်သူများ၏ ဆန္ဒအသံများ၊ အပိုင်း (၆) – အနှစ်ချုပ်နှင့် အပိုင်း (၇) – အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအား အကြံပြုသော တိုက်တွန်းချက်များ တို့ ဖြစ်ကြသည်။

အပိုင်း (၄) တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းဘဏ္ဍာတိုက်တွင် မှတ်တမ်းတင်ထားသည့် (၂၂) ကြာဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ၁) မတရားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ (၂) ဥပဒေပြင်ပသတ်ဖြတ်ခြင်းနှင့် လက်စဖျောက်ခြင်း၊ (၃) မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်အကြမ်းဖက်မှုပုံစံများနှင့် (၄) လယ်ယာမြေ၊ ပိုင်ဆိုင်မှုနှင့် လူနေမှုဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများဟူ၍ အပိုင်း (၄) ပိုင်းခွဲကာ တင်ပြထားသည်။

## အဓိကကျသော တွေ့ရှိချက်များ

- ၁၉၉၅ မှ ၂၀၁၇ ခုနှစ်အတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်ခဲ့သည်။ အဆိုပါ ချိုးဖောက်မှုကို ကျူးလွန်ခဲ့သူအများစုက အပြစ်ပေးအရေးယူခံရမှုမှ လွတ်ကင်းလျက်ရှိနေပြီး ၎င်းတို့၏လုပ်ရပ်အတွက် တာဝန်ခံ၊ တာဝန်ယူခဲ့ခြင်းလည်း မရှိချေ။

- ဤအစီရင်ခံစာပါ သတ်မှတ်ကာလအတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက ကျူးလွန် ခဲ့သော မတရားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းဆိုင်ရာ ချိုးဖောက်မှု (၁၀၈) မှုကို မှတ်တမ်း တင်နိုင်ခဲ့သည်။ အဆိုပါချိုးဖောက်မှုများကို ဒေသခံပြည်သူ (၃၃၀၀) ကျော် ခံစားခဲ့ရပြီး မွန်ပြည်နယ် ရေးမြို့နယ် နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်အခြေစိုက် တပ်မတော်တပ်ရင်း (၃၀) ကျော်တို့က ကျူးလွန်ခဲ့သည်။

- ၁၉၉၅ မှ ၂၀၁၇ ခုနှစ်အတွင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက ကျူးလွန်ခဲ့သော ဥပဒေပြင်ပသတ်ဖြတ်မှု (၅၇) မှုကျော်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီး အဆိုပါသတ်ဖြတ်မှုများကြောင့် ရွာသူရွာသား (၁၉၀) ဦး အနည်းဆုံးသေဆုံးခဲ့ကြောင်း တွေ့ရှိခဲ့သည်။ သတ်ဖြတ်ခံရသူအများစုမှာ အမျိုးသားများဖြစ်ပြီး အမျိုးသမီး၊ ကလေးနှင့် ဆယ်လသားအရွယ် ကလေးငယ်များလည်း အသတ်ဖြတ်ခံခဲ့ရကြောင်း တွေ့ရှိခဲ့သည်။ အဆိုပါသတ် ဖြတ်မှုများကို တပ်မတော်တပ်ရင်း (၂၇) ရင်းကျော်က ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

- ၁၉၉၅ ခုနှစ်မှ စတင်၍ တပ်မတော်က ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (၆၇) ကို မှတ်တမ်းတင်နိုင်ခဲ့ပြီး အဆိုပါအကြမ်းဖက်မှုကို အမျိုးသမီး၊ ကလေးသူငယ်နှင့် အမျိုးသား (၁၀၆) ဦးတို့က ခံစားခဲ့ရကြောင်း တွေ့ရှိခဲ့သည်။ အကြမ်းဖက်မှုများတွင် မုဒိမ်းကျင့်ခြင်း၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်းနှင့် ကာယအလုပ်ပြုမှုတွင် အတင်းအဓမ္မပါဝင်စေခြင်းတို့ ပါဝင်ပြီး တပ်မတော်တပ်ရင်း (၂၇) ရင်းကျော်က ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

### အဓိကကျသော တွေ့ရှိချက်များ

- ဒေသတွင်း အကြီးစားစီးပွားရေးစီမံကိန်းများကြောင့်သော်လည်းကောင်း တပ်မတော်နှင့် အစိုးရဌာနဆိုင်ရာများက လယ်မြေဧက တစ်သိန်း (၁၀၀၀၀၀) ကျော် သိမ်းဆည်းခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်နိုင်ခဲ့သည်။
- ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့ကြုံတွေ့ခံစားခဲ့ရသော ဖြစ်ရပ်ဆိုးများကို မေ့ပျောက်နိုင်စွမ်းမရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး အဆိုပါနစ်နာမှုများအတွက် အပြစ်ပေးအရေးယူမှုများ၊ လယ်ယာမြေပြန်လည်ပေးအပ်မှုများ၊ လျော်ကြေးငွေပေးချေမှုများ၊ လူမှုဖွံ့ဖြိုးရေးလုပ်ဆောင်ပေးမှုများ၊ စစ်တပ်အင်အားလျှော့ချပေးမှုများ၊ ချိုးဖောက်မှု နောက်တစ်ကြိမ် ထပ်မံဖြစ်ပွားမှုမရှိစေရန် တာဝန်ခံမှုများ၊ တောင်းပန်မှုများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ပေးမှုများစသည်တို့ပါဝင်သော တရားမျှတမှု ရှာဖွေရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

## ဒေသခံရွာသူရွာသားများက တရားမျှတမှုကို တောင်းဆိုခြင်း

> “ကျွန်တော်တို့ မချမ်းသာချင်ပါဘူး၊ အရင်လို ပုံမှန်ပြန်ဖြစ်ရင်ပဲ ရပါပြီ”
>
> ဦး...........၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ မတ်လ)

ဤအစီရင်ခံစာပါ သက်သေထွက်ဆိုချက်များကို ကြည့်ခြင်းအားဖြင့် ချိုးဖောက်မှုကို ခံစားခဲ့ရသော ဒေသခံပြည်သူများအနေဖြင့် အတိတ်ကာလဖြစ်ရပ်ဆိုးများကို မေ့ပျောက်နိုင်ခြင်းမရှိသည့်အပြင် ၎င်းတို့ခံစားခဲ့ရသော ချိုးဖောက်မှုများအတွက် တရားမျှတမှုတစ်စုံတရာ ရရှိရန်ကိုလည်း လိုလားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

မတရားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်အကြမ်းဖက်ခြင်းနှင့် လယ်ယာမြေ၊ ပိုင်ဆိုင်မှုနှင့် လူနေမှုဆိုင်ရာအခွင့်အရေးချိုးဖောက်ခြင်းများကို ခံစားကြုံတွေ့ခဲ့ရသူ နစ်နာသူ

ပြည်သူများက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို တရားမျှတမှုနှင့်အတူ ရယူလိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

နစ်နာသူပြည်သူအချို့က အပြစ်ပေးအရေးယူမှုအကြောင်းကို ပြောဆိုခဲ့သော်လည်း အများစုမှာ ပြန်လည်ကုစားရေးအတွက် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ၊ လျော်ကြေးငွေပေးချေမှုများ၊ ချိုးဖောက်မှု နောက်တစ်ဖန် ထပ်မံမဖြစ်ပွားစေရန် အာမခံချက်ပေးမှုများနှင့် အသိအမှတ်ပြုတောင်းပန်မှုများကို လုပ်ဆောင်ပေးရန် တောင်းဆိုခဲ့သည်။ ၎င်းပြင် တွေ့ဆုံမေးမြန်းခဲ့သော ရွာသူရွာသားများက ငြိမ်းချမ်းစွာ နေထိုင်လိုကြောင်း ပြောဆိုခဲ့ပြီး ၎င်းတို့ဒေသမှ တပ်မတော်တပ်ရင်းများ လျှော့ချဆုတ်ခွာပေးရန် တောင်းဆိုခဲ့သည်။

## မတရားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း

အထက်ပါချိုးဖောက်မှုပုံစံကို ခံစားကြုံတွေ့ခဲ့ရသူများက ၎င်းတို့၏ကျူးလွန်မှုကို အသိအမှတ်ပြုဝန်ခံရန်နှင့် အဆိုပါချိုးဖောက်မှုများအတွက် လျော်ကြေးပေးချေရန် တောင်းဆိုခဲ့ကြသည်။ လျော်ကြေးငွေ ပေးချေမှုများကို ပြောဆိုခဲ့သကဲ့သို့ ပြန်လည်ကုစားရေးအနေဖြင့် လမ်းတံတား၊ လျှပ်စစ်ဓာတ်အားနှင့် ဆေးရုံများစသည့် ဒေသဆိုင်ရာဖွံ့ဖြိုးမှုများ လုပ်ဆောင်ပေးရန် ပြောဆိုခဲ့ကြသည်။

> "အစိုးရက ကျွန်တော်တို့ဒေသမှာ လမ်းတွေ တံတားတွေဆောက်ပြီး ကျန်းမာရေးနဲ့ ပညာရေးအတွက် လုပ်ပေးမယ်ဆိုရင် ကောင်းတာပေါ့။ ကျူးလွန်တဲ့အထဲမှာ သူတို့လည်း ပါတာပဲလေ။ လျော်ကြေးငွေတွေ ပေးမယ့်အစား အဲလိုဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကို ကျွန်တော်တို့ရွာမှာ ပိုလုပ်ပေးသင့်တယ်"
>
> စော……………….၊ အမျိုးသား၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ စက်တင်ဘာလ)

မတရားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံစားခဲ့ရသူများက ဒုတိယအများဆုံး တရားမျှတမှု ပြန်လည်ရယူလိုသည့်ပုံစံအနေဖြင့် တပ်မတော်က ၎င်းတို့၏ကျူးလွန်မှုများကို ဝန်ခံရန်နှင့် တောင်းပန်မှုများပြုလုပ်ရန် ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ လူသိရှင်ကြားတောင်းပန်ခြင်းဖြင့် ပြန်လည်ကုစားမှုဖြစ်စဉ်ကို သိသာထင်ရှားစွာ စတင်သင့်ပြီး တစ်ချိန်တည်းမှာပင် ကျူးလွန်မှုများအတွက်

လျော်ကြေးပေးချေခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုကို ကျယ်ကျယ်ပြန့်ပြန့်ခံစားခဲ့ရသော ဒေသခံပြည်သူများ၏ ဒဏ်ရာကို အတိုင်းအတာတစ်ခုအထိ သက်သာစေမည်ဖြစ်သည်။

"ကျွန်တော့်ကိစ္စကို ကြည့်မယ်ဆိုရင် ကျွန်တော်က ဘာအမှားမှ မလုပ်ဘဲနဲ့ စစ်တပ်က ကျွန်တော့်ကို နှိပ်စက်ခဲ့တယ်။ မွန်ခွဲထွက်အဖွဲ့နဲ့ ဆက်သွယ်တယ်ဆိုပြီး ကျွန်တော့်ကို နှိပ်စက်ခဲ့တာ။ အဲဒါ သူတို့မှားတာ။ သူတို့လုပ်ရပ်အတွက် တောင်းပန်သင့်တယ်"

နိုင်.................၊ အမျိုးသား၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ စက်တင်ဘာ)

လူသိရှင်ကြား တောင်းပန်ခြင်းနှင့် အခြားသော ပြန်လည်ကုစားရေးပုံစံများအပြင် တိုင်းရင်းသားဒေ သများမှ တပ်မတော်တပ်ရင်းများ လျှော့ချဆုတ်ခွာရန်ကိုလည်း မတရားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ညှဥ်းပန်းနှိပ်စက်ခြင်းကို ခံစားခဲ့ရသူများက တောင်းဆိုခဲ့သည်။ ပြန်လည်ကုစားရေးကို လျော်ကြေးပေးချေ ခြင်းတစ်ခုတည်းဖြင့် မတိုင်းတာဘဲ ချိုးဖောက်မှုများ နောက်တစ်ဖန် ထပ်မံမဖြစ်ပွားစေရန် အာမခံချက်ပေးခြင်းစသည့် ယုံကြည်မှုတည်ဆောက်ခြင်းဖြစ်စဉ်ဖြင့်လည်း ပြန်လည်ကုစားရေးကို လုပ်ဆောင်နိုင်သည်။

"ကျွန်မတို့ရွာက လိုအပ်ချက်တွေ များတယ်။ လမ်းတွေ၊ (လျှပ်စစ်)မီးတွေ၊ ဆက်သွယ်ရေးတွေ လိုတယ်။ ကျွန်မတို့ အာဏာရှင်အစိုးရနဲ့ ခပ်ဝေးဝေးနေချင်တယ်။ အနာဂတ်မှာ ငြိမ်းချမ်းဖို့လည်း လိုတယ်။ ကျွန်မတို့ အတိတ်မှာ ကြုံတွေ့ခဲ့သလိုမျိုး ဘယ်သူ့ကိုမှ မကြုံတွေ့စေချင်ဘူး "

နော်........၊ အမျိုးသမီး၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ စက်တင်ဘာ)

## ဥပဒေပြင်ပသတ်ဖြတ်ခြင်းနှင့် လက်စဖျောက်ခြင်း

တပ်မတော် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်များ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံခဲ့ရသူများ၏ မိသားစုဝင်များနှင့် အသိမိတ်ဆွေများက ကျူးလွန်ခဲ့သူများကို အပြစ်ပေးအရေးယူခြင်းဖြင့် တရားမျှတမှုရှာဖွေပေးရန် တောင်းဆိုခဲ့ကြသည်။ မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံတောင်ပိုင်း မွန်ဒေသများအတွင်း

ဥပဒေပြင်ပသတ်ဖြတ်ခြင်းများကို ကျူးလွန်ခဲ့သူများက အပြစ်ပေးအရေးယူခံရမှုမှ လွတ်ကင်းနေမှုကိုလည်း အဆုံးသတ်ရန် တောင်းဆိုခဲ့သည်။

> "ကျွန်မရဲ့ဆုံးသွားတဲ့ခင်ပွန်းအပေါ် လုပ်ခဲ့တာတွေအတွက် အပြစ်ပေးခံရတာကို မြင်ချင်ပါတယ်။ ဘာသာတရားအရ ကြည့်မယ်ဆိုရင် အဲလိုဖြစ်တာ သူ့ကံဆိုပေမယ့် ဥပဒေအနေနဲ့ဆိုရင် အဲဒါက ရာဇဝတ်မှုပဲလေ။ ဒါကြောင့် ကျူးလွန်ခဲ့တဲ့သူတွေက သူတို့အပြစ်အတွက် အပြစ်ဒဏ်ခံရမှာပဲ"
>
> ဒေါ်.........၊ ရေးမြို့နယ်၊ မွန်ပြည်နယ် (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ ဖေဖော်ဝါရီ)

မတရားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရသူများနှင့် တပ်မတော် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်များ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံခဲ့ရသူများ၏ မိသားစုဝင်များနှင့် အသိမိတ်ဆွေများက မူလအနေအထားအတိုင်း ပြန်မဖြစ်နိုင်တော့သဖြင့် လျော်ကြေးပေးချေခြင်းသည် တရားမျှတမှုအတွက် လုံလောက်သည့်အဖြေမဟုတ်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

> "ဘယ်လိုပဲ လျော်ကြေးတွေပေးပေး၊ အရင်လိုပြန်မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် အစိုးရက (နစ်နာသူ)ပြည်သူတွေရဲ့ဆန္ဒကို ဘယ်လိုမှ ဖြည့်ဆည်းမပေးနိုင်ဘူး။ တိုင်းရင်းသားတွေကို အမြဲအုပ်ချုပ်နေနိုင်တဲ့ပုံမျိုး အစိုးရက လုပ်နေတယ်။ စစ်တပ်ကလည်း သူတို့ဘာမဆိုလုပ်လို့ရတယ်ဆိုတဲ့အတွေး ဝင်နေတယ်။ အစိုးရက ကျေးလက်ဖွံ့ဖြိုးရေးတွေ ဦးဆောင်လုပ်ကိုင်နေတယ်ဆိုပေမယ့် ရွာသားတွေအပေါ်လုပ်ခဲ့တာတွေအတွက်တော့ ပြန်တောင်းပန်သင့်တယ်။ ပျောက်နေတဲ့သူတွေ ဘယ်ရောက်ကုန်လဲဆို ပြန်ပြောပြသင့်တယ်။ သူတို့က တာဝန်ရှိတဲ့သူတွေလေ"
>
> စော............၊ အမျိုးသား၊ ရေးမြို့နယ်၊ မွန်ပြည်နယ် (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ စက်တင်ဘာ)

လက်စဖျောက်ခြင်းခံရသောသူများ၏ မိသားစုဝင်များက မည်ကဲ့သို့ဖြစ်ပျက်ခဲ့သည်ကို သိရှိလိုကြောင်း ပြောကြားခဲ့သည်။ နောက်ထပ်တစ်ဖန် ကျူးလွန်မှုများ မဖြစ်ပွားရန်အတွက် အာမခံချက်ပေးရန်၊ တပ်မတော်တပ်ရင်းအင်အား လျှော့ချရန်နှင့် ၎င်းတို့ဒေသတွင် ငြိမ်းချမ်းရေးဖော်ဆောင်ပေးရန်ကိုလည်း တောင်းဆိုခဲ့ကြသည်။

"ရွာသူရွာသားတွေက (သူတို့ပိုင်ဆိုင်တဲ့)ပစ္စည်း(ဥစ္စာ)တွေ အသိမ်းမခံရတော့ဘူးဆိုရင်၊ လယ်တွေ အသိမ်းမခံရတော့ဘူးဆိုရင်၊ အလုပ်အားပေးတွေ မလိုက်ရတော့ဘူးဆိုရင်၊ မတရားအသတ်မခံရတော့ဘူးဆိုရင် အနာဂတ်မှာ အဲလိုတွေဖြစ်လာမယ်ဆိုရင် ကျွန်တော်ဝမ်းသာမိမှာပဲ။ အစိုးရက ကျွန်တော်တို့ကို ဒါတွေ အာမခံပေးရမယ်။ ကျွန်တော်တို့က ရိုးရိုးသားသားနဲ့ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နေတာ။ ဒီဒေသမှာ သူပုန်တွေ မရှိဘူးဆိုတာ သေချာတယ်။ စစ်တပ်ကပဲ ရွာသားတွေကို သေနတ်နဲ့ ခြိမ်းခြောက်နေတာ။ သူတို့ ဒါတွေကို ထပ်မလုပ်(မကျူးလွန်)တော့ဘူးဆိုရင် ဒီဒေသက ငြိမ်းချမ်းသွားမယ်။ အားလုံးက သူတို့(စစ်တပ်)အပေါ်မှာပဲ မူတည်တယ်"

ဦး............၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၆ ဒီဇင်ဘာ)

## မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်အကြမ်းဖက်မှုပုံစံများ

လိင်အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသူများနှင့် ၎င်းတို့၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် စကားပြောဆိုကြည့်သည့်အခါ ကိုယ်တိုင်ခံစားခဲ့သူများသာမက ၎င်းတို့၏အသိမိတ်ဆွေများကပါ အဆိုပါကျူးလွန်မှုများအတွက် တရားမျှတမှုပြန်လည်ယူဆောင်နိုင်ရန် အာသီသပြင်းပြနေကြသည်။ လိင်အကြမ်းဖက်မှုကျူးလွန်ခဲ့သူများက အပြစ်ပေးအရေးယူခံရမှုမှ လွတ်ကင်းနေသဖြင့် တရားမျှတမှုပြန်လည်ရရှိရန် ခက်ခဲလျက်ရှိရာ အစိုးရအနေဖြင့် အတိတ်ကာလတွင်ကျူးလွန်ခဲ့သော ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းပေးရန် လိုသည်။

တပ်မတော် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက ကျူးလွန်ခဲ့သော လိင်အကြမ်းဖက်မှုများကို လစ်လျူရှုခြင်း သို့မဟုတ် လျော်ကြေးငွေဖြင့် တိတ်တဆိတ်ဖြေရှင်းခြင်းများ ဖြစ်ပွားခဲ့သဖြင့် ချိုးဖောက်မှုကို ခံစားခဲ့ရသူများက တပ်မတော်က ၎င်းတို့အား မည်သို့ပင်ခြိမ်းခြောက်နေစေကာမူ တရားမျှတမှုကို ဆက်လက်ရှာဖွေခဲ့သည်။

ဥပမာအားဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အသက် (၁၃) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအား မွန်ပြည်နယ် ရေးမြို့နယ် အမှတ် (၃၁) ခြေမြန်တပ်ရင်းမှ စစ်သားတစ်ဦးက အဓမ္မပြုကျင့်ခဲ့သည်။

"လျော်ကြေးတွေကို လက်မခံဘူးဆိုရင် သူနဲ့ သူ့မိသားစုကို ရွာကနေ မောင်းထုတ်မယ်လို့ စစ်တပ်က ခြိမ်းခြောက်ခဲ့တယ်။ ဒါပေမယ့် မိ..........က လျော်ကြေးတွေကို သူကိုယ်တိုင် ငြင်းပယ်တဲ့အပြင် သူ့မိဘတွေကိုလည်း စစ်တပ်က ဘာပေးပေး လွယ်လွယ်နဲ့ လက်မခံဖို့ကို တောင်းဆိုခဲ့တယ်။ တပ်ရင်းနဲ့ ထပ်မံပြီး အတိုက်အခံလုပ်နေမယ်ဆိုရင် ရွာကနေ မောင်း ထုတ်ပစ်မယ်ဆိုပြီး စစ်တပ်က ဆက်ခြိမ်းခြောက်ခဲ့တယ်။ ဒါပေမယ့် .........က သူ့ကို မုဒိမ်းကျင့်ခဲ့တယ်ပဲ ဆက်ပြောခဲ့တယ်။ အမှုကျေအေးဖို့အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးကို လည်း စစ်တပ်က ဖိအားပေးခဲ့တယ်"

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ နယ်သတင်းထောက်က ပေးပို့လာသော ချိုးဖောက်မှုဖြစ်စဉ်

လိင်အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသူများနှင့် ၎င်းတို့၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် စကားပြောဆိုကြည့်သည့်အခါ အားလုံးနီးပါးက ကျူးလွန်ခဲ့သူများကို အပြစ်ပေးအရေးယူပေးရန် တောင်းဆိုခဲ့ပြီး ချိုးဖောက်မှုများကို တရားဥပဒေအတိုင်း စီရင်ပေးရန် ဆန္ဒရှိကြသည်။ ၂၀၁၇ ဩဂုတ်လတွင် ငါးဖမ်းလုပ်သား (၆) ဦးသည် မတရားဖမ်းဆီးခံရပြီး ညှဉ်းပန်းနှိပ်စက်ခံခဲ့ကြရသည်။ အမှတ် (၄၃) ရေတပ်စခန်းက ၎င်းတို့အား ညစ်ညမ်းဗီဒီယိုများကို အတင်းအဓမ္မကြည့်ရှုစေခဲ့ပြီး အဆိုပါဗီဒီယိုအတိုင်း သရုပ်ဆောင်စေခဲ့သည်။

"တရားခံတွေဟာ တရားဥပဒေအတိုင်း အပြစ်ပေးခံသင့်တယ်။ ကျွန်တော်တို့မှာ ပိုက်ဆံရော အာဏာရော မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ တရားစွဲခဲ့တယ်။ (အာဏာပိုင်တွေကတော့) အမှုအခြေအနေကိုလည်း ကျွန်တော်တို့ကို မပြောပြဘူး။ သူတို့ကိုလည်း အမုန်းမပွားချင်တော့ပါဘူး။  အေးအေးချမ်းချမ်းပဲ နေချင်တယ်။ တရားခံတွေ အပြစ်ဒဏ်ခံရမယ်ဆိုရင် ကျွန်တော် ကျေနပ်ပါတယ်"

ဦး............၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ စက်တင်ဘာလ)

## လယ်ယာမြေ၊ ပိုင်ဆိုင်မှုနှင့် လူနေမှုဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများ

သမ္မတဦးသိန်းစိန်လက်ထက် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အရပ်သားအစိုးရစတင် ထွက်ပေါ်လာသည့် ၂၀၁၁ ခုနှစ်မှ စတင်၍ မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံတောင်ပိုင်း မွန်ဒေသများရှိ လယ်သမားများက လယ်ယာမြေမတရားသိမ်းဆည်းမှုများကို မည်ကဲ့သို့ ဆန့်ကျင်ရင်ဆိုင်ခဲ့သည်၊ အတိတ်က မတရားသိမ်းဆည်းခံခဲ့ရသော လယ်ယာမြေများ ပြန်လည်ရရှိရန် မည်ကဲ့သို့ ရုန်းကန်ကြိုးစားခဲ့သည်၊ လက်ရှိဖြစ်ပေါ်နေသော မြေယာအငြင်းပွားမှုများအတွက် သင့်လျော်သောဖြေရှင်းမှုရရှိရန် မည်ကဲ့သို့ တောင်းဆိုခဲ့သည်၊ အနာဂတ်တွင် လယ်ယာမြေအခွင့်အရေးအာမခံချက်ရရှိရန် မည်ကဲ့သို့ လှုပ်ရှားဆောင်ရွက်နေသည်များကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်ခဲ့သည်။

လယ်ယာမြေ၊ ပိုင်ဆိုင်မှုနှင့် လူနေမှုဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးခဲ့ရသူများနှင့် တွေ့ဆုံမေးမြန်းရာတွင် အများစုက လက်လွှတ်ခဲ့ရသော လယ်ယာမြေများကို ပြန်လည်ရယူလိုကြောင်း ပြောကြားခဲ့သည်။

> "ဒီကနေ့အထိ ကိုယ့်လယ်ကို ပြန်လိုချင်နေတုန်းပဲ။ ဒါဟာ ကျွန်မတို့က လောဘကြီးလို့မဟုတ်ဘူး။ မိသားစုအတွက် ဘာအလုပ်မှ လုပ်ဖို့မရှိတော့ဘူးဆိုရင် ဘယ်သူမဆို ကိုယ်ပိုင်ဆိုင်ခဲ့တာကို ပြန်လိုချင်မှာပဲ။ အားလုံးကို ပြန်မရနိုင်တော့ရင်တောင် အသက်ရှင်နေသရွေ့တော့ ကြိုးစားသွားရမှာပဲ။ ကျွန်မမိသားစုကလည်း အသိမ်းခံလိုက်ရတဲ့မြေကို ပြန်လိုချင်တယ်။ အခွင့်အရေးရတိုင်း တောင်းဆိုသွားရမှာပဲ"
>
> ဒေါ်..................၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ ဩဂုတ်)

မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံတောင်ပိုင်း မွန်ဒေသများရှိ လယ်သမားများသည် ၎င်းတို့၏ လယ်ယာခြံမြေများကို ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းလာခဲ့သဖြင့် အဆိုပါမြေများအပေါ် သံယောဇဉ်ကြီးမားကြသည်။ ၎င်းတို့၏သားမြေးများကို ဆက်လက်အမွေပေးလိုသည့်ဆန္ဒကြောင့် လယ်ယာခြံမြေများကို ပြန်လည်ရယူလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

“ကိုယ့်မိသားစုဆွေမျိုးသားချင်းတွေနဲ့ ကိုယ့်မြေပေါ်မှာ အတူတူနေချင်တယ်။ ဒါက မိသားစုရည်မှန်းချက်ပဲ။ ကျွန်တော်တို့က အဖိနှိပ်ခံခဲ့ရတယ်။ အရင်အခြေအနေအတိုင်း ပြန်ဖြစ်နိုင်တဲ့အထိ လျော်ကြေးတွေရမယ်ဆိုရင် ကျွန်တော်တို့ ကျေနပ်ပါတယ်"

ဦး.................၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ မတ်)

အထက်ဖော်ပြပါ ချိုးဖောက်မှုပုံစံအမျိုးမျိုးကို ခံစားကြုံတွေ့ခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ အသိမိတ်ဆွေများက ကျူးလွန်မှုများ နောက်ထပ်တစ်ဖန် မဖြစ်ပွားရန်အတွက် အာမခံချက်ပေးရန်နှင့် တရားဥပဒေစိုးမိုးမှုရှိရန် ထပ်တလဲလဲ တောင်းဆိုခဲ့ကြသည်။

“ကျွန်မတို့ရဲ့ဆုံးရှုံးမှုကနေ တစ်ခြားသူတွေ သင်ခန်းစာယူသင့်တယ်။ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ဆွေးနွေးပြီး အချင်းချင်းကူညီကြပါ။ ကျွန်မတို့တုန်းကဆိုရင် ဘယ်သူကမှ အတွေ့အကြုံတွေလာမပြောပြဘူး။ ဒါကြောင့် ဘာမှလည်း မလုပ်နိုင်ခဲ့ဘူး။ ပုံစံ (၇) တို့ ပြေစာတို့ မရှိဘူးဆိုရင်လည်း သွားလျှောက်ကြပါ။ မြေတွေအသိမ်းမခံရအောင် အဖွဲ့ဖွဲ့ပြီး ဆက်သွယ်လုပ်ကိုင်ကြပါ။ တစ်ခြားဒေသတွေမှာလည်း မြေအသိမ်းမခံရအောင် ကြိုးစားပေးကြပါ"

မိ.................၊ ရေးမြို့နယ်၊ မွန်ပြည်နယ် (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ ဇူလိုင်)



## အကြံပြုတိုက်တွန်းချက်များ

**၁) နိုင်ငံတော်အစိုးရသို့**

- အစိုးရဌာနဆိုင်ရာများနှင့် တပ်မတော်က ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုပုံစံအားလုံးကို ရပ်တန့်ရန်
- အတိတ်ကာလနှင့် လက်ရှိဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ အသိအမှတ်ပြုရန်နှင့် နစ်နာခဲ့ရသူပြည်သူများအား တောင်းပန်ရန်၊ ချိုးဖောက်မှုများ နောက်ထပ်တစ်ဖန် မဖြစ်ပွားစေရန် အာမခံချက်ပေးပြီး ချိုးဖောက်သူနှင့် ချိုးဖောက်ခံရသူများအကြား ယုံကြည်မှုတည်ဆောက်နိုင်စေရန်
- မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံတောင်ပိုင်း မွန်ဒေသများတွင် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို သေချာစွာ စုံစမ်းစစ်ဆေး မှတ်တမ်းတင်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားရေးမဏ္ဍိုင်၏ ထိန်းချုပ်မှုကင်းသော "အမှန်တရားရှာဖွေဖော်ထုတ်ရေးကော်မရှင်" တစ်ခု ဖွဲ့စည်းရန်
- အတိတ်ကာလနှင့် လက်ရှိဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ နဂိုအတိုင်း ပြန်လည်ပြုပြင်ထားရှိရန်၊ လျော်ကြေးပေးချေရန်နှင့် ပြန်လည်ထူထောင်မှုများ ပြုလုပ်ရန်အတွက် ခိုင်မာလုံလောက်သော "ပြန်လည်ကုစားရေးမူဝါဒများ" ကို ချမှတ်အကောင်အထည်ဖော်ရန်
- တပ်မတော်နှင့် ယခင်အစိုးရဟောင်းများက ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် အပြစ်ပေးအရေးယူခံရမှုမှ လွတ်ကင်းနေသော အစဉ်အလာကို အဆုံးသတ်ရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်သူမည်သူမဆို ရာထူးအဆင့်အတန်းမခွဲခြားဘဲ ၎င်းတို့၏ချိုးဖောက်မှုအတွက် တာဝန်ယူ တာဝန်ခံစေရန်
- ဆင်းရဲမွဲတေမှု လျှော့ချရေးစီမံကိန်းများကို အကောင်အထည်ဖော်ပြီး ဒေသခံပြည်သူများနှင့် တိုင်ပင်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်ရန်
- ခိုလှုံခွင့်တောင်းခံထားသူများနှင့် နေရပ်စွန့်ခွာသူများ ၎င်းတို့ဆန္ဒအလျောက် လုံခြုံစွာနေရပ်ပြန်နိုင်ရေးကို ကူညီထောက်ပံ့ရန်
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုခံစားခဲ့ရသူများနှင့် လူထုအခြေပြုအဖွဲ့အစည်းများအား ပါဝင်ခွင့်ပေးရန်

- တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်များ ချုပ်ဆိုရာတွင် အတိတ်ကာလလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အပြစ်ပေးအရေးယူမှုမှ ကင်း လွတ်ခွင့်ကို ထည့်သွင်းခြင်း မပြုရန်နှင့် ကျူးလွန်မှုများအတွက် သက်ဆိုင်သူအားလုံးက တာဝန်ယူ တာဝန်ခံမှု ရှိစေရန်
- အစိုးရဌာနဆိုင်ရာများနှင့် တရားရေးကဏ္ဍများတွင် ဖြစ်ပွားနေသော လာဘ်ပေးလာဘ်ယူမှုများကို အဆုံးသတ်ရန်နှင့် တရားသော ဥပဒေများ စိုးမိုးမှုရှိရန်
- ယုံကြည်မှုတည်ဆောက်ခြင်းနှင့် တရားသောဥပဒေများ စိုးမိုးခြင်းကို ထိခိုက်စေသော နယ်မြေခံတပ်ရင်းနှင့် တပ်စခန်းများအား မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံတောင်ပိုင်း မွန်ဒေသများမှ လျှော့ချဆုတ်ခွာစေရန်

## ၂) ပြည်ထောင်စုလွှတ်တော်သို့

- အတိတ်ကလူ့အခွင့်အရေးချိုးဖောက်ခဲ့သူများဖြစ်သော တပ်မတော်နှင့် အစိုးရဌာနဆိုင်ရာများအား အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ပေးထားသော အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖျက်သိမ်းပေးရန်
- ပုဒ်မ ၆၆(ဃ) ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၁၇(၁) မတရားအသင်း ဆက်သွယ်မှုဥပဒေကဲ့သို့သော ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကို ဖျက်သိမ်းပေးရန်

## ၃) တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသို့

- အတိတ်ကလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များတွင်လည်းတာဝန်ရှိကြောင်း အတိအလင်း အသိအမှတ်ပြုဝန်ခံရန်
- အတိတ်ကာလလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခွင့်ကို အဆုံးသတ်ရန်နှင့် ကျူးလွန်မှုများအတွက် ရာထူးအဆင့်အတန်းမရွေး သက်ဆိုင်သူအားလုံးက တာဝန်ယူ တာဝန်ခံမှု ရှိစေရန်
- မိမိတို့ထိန်းချုပ်ရာဒေသများတွင် လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများအား လွတ်လပ်စွာ လှုပ်ရှားခွင့်ပြုရန်
- ခိုလှုံခွင့်တောင်းခံထားသူများနှင့် နေရပ်စွန့်ခွာသူများ ၎င်းတို့ဆန္ဒအလျောက် လုံခြုံစွာ နေရပ်ပြန်နိုင်ရေးကို ကူညီထောက်ပံ့ရန်

## ၄) နိုင်ငံတကာအသိုင်းအဝိုင်းများသို့

- အတိတ်ကာလလူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လက်ရှိဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်ရန်အတွက် အစိုးရအား ဖိအားပေးရန်
- အတိတ်ကာလလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အမှန်တရားရှာဖွေရန်နှင့် ပြန်လည်ကုစားရေးမူဝါဒများ ချမှတ်ရန် အစိုးရအား ဖိအားပေးရန်
- ၎င်းတို့ဆန္ဒအလျောက် လုံခြုံစွာ နေရပ်ပြန်နိုင်သည်အထိ ခိုလှုံခွင့်တောင်းခံထားသူများနှင့် နေရပ်စွန့်ခွာသူများအား ဆက်လက်ကူညီထောက်ပံ့ရန်

"ရွာသူရွာသားတွေက (သူတို့ပိုင်ဆိုင်တဲ့)ပစ္စည်း(ဥစ္စာ)တွေ အသိမ်းမခံရတော့ဘူးဆိုရင်၊ လယ်တွေ အသိမ်းမခံရတော့ဘူးဆိုရင်၊ အလုပ်အားပေးတွေ မလိုက်ရတော့ဘူးဆိုရင်၊ မတရားအသတ်မခံရတော့ဘူးဆိုရင် အနာဂတ်မှာ အဲလိုတွေဖြစ်လာမယ်ဆိုရင် ကျွန်တော် ဝမ်းသာမိမှာပဲ။ အစိုးရက ကျွန်တော်တို့ကို ဒါတွေ အာမခံပေးရမယ်။ ကျွန်တော်တို့က ရိုးရိုးသားသားနဲ့ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နေတာ။ ဒီဒေသမှာ သူပုန်တွေ မရှိဘူးဆိုတာ သေချာတယ်။ စစ်တပ်ကပဲ ရွာသားတွေကို သေနတ်နဲ့ ခြိမ်းခြောက်နေတာ။ သူတို့ ဒါတွေကို ထပ်မလုပ်(မကျူးလွန်)တော့ဘူးဆိုရင် ဒီဒေသက ငြိမ်းချမ်းသွားမယ်။ အားလုံးက သူတို့(စစ်တပ်)အပေါ်မှာပဲ မူတည်တယ်"

ဦး............၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း (တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၆ ဒီဇင်ဘာ)

"ဘယ်လိုပဲ လျော်ကြေးတွေပေးပေး၊ အရင်လိုပြန်မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် အစိုးရက (နစ်နာသူ)ပြည်သူတွေရဲ့ဆန္ဒကို ဘယ်လိုမှ ဖြည့်ဆည်းမပေးနိုင်ဘူး။ တိုင်းရင်းသားတွေကို အမြဲအုပ်ချုပ်နေနိုင်တဲ့ပုံမျိုး အစိုးရက လုပ်နေတယ်။ စစ်တပ်ကလည်း သူတို့ဘာမဆိုလုပ် လို့ရတယ်ဆိုတဲ့အတွေး ဝင်နေတယ်။ အစိုးရက ကျေးလက်ဖွံ့ဖြိုးရေးတွေ ဦးဆောင်လုပ်ကိုင်နေတယ်ဆိုပေမယ့် ရွာသားတွေအပေါ် လုပ်ခဲ့တာတွေအတွက်တော့ ပြန်တောင်းပန် သင့်တယ်။ ပျောက်နေတဲ့သူတွေ ဘယ်ရောက်ကုန်လဲဆို ပြန်ပြောပြသင့်တယ်။ သူတို့က တာဝန်ရှိတဲ့သူတွေလေ"

ဒေါ............၊ အမျိုးသား၊ ရေးမြို့နယ်၊ မွန်ပြည်နယ်
(တွေ့ဆုံမေးမြန်းသည့်ရက်စွဲ - ၂၀၁၇ ဇန်နဝါရီ)

# "ထင်ကျန်နေဆဲ"

မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်ဒေသများအတွင်း အတိတ်ကဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အသိအမှတ်ပြုပေးစေလိုမှုနှင့် တရားမျှတမှုပြန်လည်ရှာဖွေပေးစေလိုမှု

HURFOM

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ